သမ္မာကျမ်းဆိုင်ရာအတွေးအမြင်
ဘုရားရှင်ဂရုပြုပါသလား။



မာရိမှစ၍ လိုက်လာသောယုဒလူတို့သည် ငိုကြွေးသည်ကို ယေရှုသည်မြင်တော်မူသောအခါ၊ အလွန်ညှိုးငယ်ခြင်း၊ စိတ်ပူပန်ခြင်းရှိ၍…ယေရှုသည်မျက်ရည်ကျတော်မူ၏။ (ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၁း၃၃)
လာဇရုကို သေခြင်းမှထမြောက်စေခြင်းသည် ယေရှုခရစ်တော်၏ အံ့ဖွယ်တန်ခိုးတော်ကို ဖော်ပြနေသော၊ လူသိများသောအကြောင်းအရာတစ်ခုဖြစ်သည်(ရှင်ယောဟန် ၁၁း၁-၄၃)။ ဘုရားသခင်၏သားတော်၊ လောကကိုကယ်တင်သောအရှင်၊ မေရှိယဖြစ်သော ယေရှုခရစ်တော်ကို ယုံကြည်သောသူတို့သည်လည်း ထာဝရအသက်ကိုရရှိမည်ဟူသော ပုံဆောင်ချက်တစ်ခုဖြစ်သည်(ယောဟန် ၁၁း၂၅၊ ၄၁)။ ကျမ်းစာမှဖော် ပြသော ဤအရာတို့သည် မှန်ကန်ပါသည်။ သို့သော်ထိုထက်ပိုသည့်ဖော်ပြချက်တို့လည်းရှိနေသည်။
ဤကျမ်းစာဖော်ပြချက်ကို စေ့စေ့ဆင်ခြင်ပါက ယေရှု၏နှလုံးသားကို ကျွန်ုပ်တို့ခံစားသိမြင်နိုင်ပါသည်။ ရှင်ယောဟန်၏ဖော်ပြချက်အရ "ယေရှုသည် မာရိ၊မာသနှင့် လာဇရု တို့ကိုချစ်သည်"(ရှင်ယောဟန် ၁၁း၅)။ လာဇရုသေပြီးသောအခါ မာရိနှင့်အခြားဝမ်းနည်းပူဆွေးသူတို့နှင့်တွေ့ဆုံစကားပြောစဉ် ယေရှု ကိုယ်တိုင် စိတ်အလွန်ညှိုးငယ်၍စိတ်ပူပန်ခြင်းရှိသည်ဟု ကျမ်းစာ၌ဖော်ပြထားပါသည် (ယောဟန် ၁၁း၃၃)။ လာဇရု၏အလောင်းကိုမြင်သောအခါ ယေရှုကိုယ်တော်တိုင်သည် မျက်ရည်ကျခဲ့ပါသည် (ယောဟန် ၁၁း၃၅)။
ဗေသနိရွာသို့ နောက်ကျမှရောက်လာခဲ့၍ လာဇရုသေဆုံးခဲ့သော်လည်း ဤအကြောင်းအရာအားဖြင့် ဘုရားသခင်၏ဘုန်းတော်ထင်ရှားရမည်ဖြစ်၍ ယေရှုစောင့်ဆိုင်း (နောက်ကျ)ခဲ့ခြင်းဖြစ်သည်(ယောဟန် ၁၁း၄)။ ထို့အပြင်သူ့ကိုရဲရဲယုံကြည်ကိုးစားနိုင်သည်ဟူ၍ အခြားသူတို့အား ဖော်ပြလိုက်ခြင်းဖြစ်သည်။ လာဇရုကို အလေးမထားသောကြောင့် နောက်ကျရခြင်း မဟုတ်ဘဲ၊ ရည်ရွယ်ချက်ရှိရှိနောက်ကျခဲ့ခြင်းဖြစ်သည်။
ဤလောကထဲတွင် ရှင်းမပြနိုင်သော ဆိုးရွားသည့်အကြောင်းအရာများဖြစ်ပျက်နေပါသည်။ တစ်ခါတစ်ရံတွင် အခြားသူတို့၏အပြစ်၊ အနိုင်ကျင့်ခြင်း၊ ဂရုမစိုက်ခြင်း၊ ခေါင်းပုံဖြတ်ခြင်းတို့ကြောင့် ကျွန်ုပ်တို့ဒုက္ခ ရောက်ရခြင်းဖြစ်သည်။ တစ်ခါတစ်ရံ ကျွန်ုပ်တို့ကိုယ်တိုင်အပြစ်လုပ်ခြင်း၊ ဒုက္ခရှာခြင်း၊ သတိမထားခြင်း၊ ရူးမိုက်ခြင်းတို့ကြောင့် ဒုက္ခရောက်တတ်သည်။ သို့သော်အချို့သောအခြေအနေများတွင် ဘာကြောင့်ဒုက္ခ ပြဿနာများဖြစ်လာရသည်ကို ကျွန်ုပ်တို့နားမလည်အောင်ဖြစ်ကြရသည်။ ဘာကြောင့်ဘုရားသခင်က သူချစ်သော သားသမီးများအပေါ် ဒုက္ခပြဿနာတွေ၊ ဆိုးရွားတဲ့အဖြစ်အပျက်တွေ၊ နာကျင်မှုတွေကို တစ်နေ့ပြီးတစ်နေ့၊ တစ်ချိန်ပြီးတစ်ချိန်၊ နှစ်ပေါင်းကြာရှည်ခံစားစေရလဲ ဆိုတာကျွန်ုပ်တို့နားမလည်နိုင်အောင်ဖြစ်ရသည်။ ဆိုးရွားသည့်ဒုက္ခများဘာကြောင့်ဖြစ်လာရသည်၊ ဒုက္ခပြဿနာများကို ဘုရားကူညီခြင်း၊ မကူညီခြင်းစ သည်တို့ကို ကျွန်ုပ်တို့ဘယ်သောအခါမျှအပြည့်အဝ နားလည်ဖြေရှင်းနိုင်မည်မဟုတ်သော်လည်း တစ်ခုသောအရာကို ကိုင်စွဲ ထားနိုင်ပါသည်။

လာဇရု၏ရှင်ပြန်ထမြောက်ခြင်းကိုကြည့်ခြင်းအားဖြင့် ဘုရားသခင်သည် ကယ်တင်ရန် နှောင့်နှေးနေသည့်တိုင် သူ၏သားသမီးများကို အမှန်ပင်ဂရုပြုနေပါသည် ဟူသောအချက်ဖြစ်သည်။ မာရိ၊မာသတို့၏ပူဆွေးခြင်းကိုကြည့်၍ ယေရှုကိုယ်တိုင်ပင် စိတ်ညှိုးငယ်ခဲ့ပါ သည်။ စိတ်နှလုံးပူဆွေးသည့်အတွက် ယေရှုငိုကြွေးခဲ့သည်။ သို့သော်ယေရှုကို ယုံကြည်ပါက ကျွန်ုပ်တို့သည် မည်မျှအပြစ်များ၍ ကျရှုံးနေပါစေ... ထာဝရတည်မြဲမည့်ယုံကြည်ခြင်း၊ မည်သူမျှလုယူ၍မရသော ထာဝရ အသက်ကိုရမည်ဟူသော ဧဝံဂေလိတရားကို ယေရှုဟောကြားခဲ့သည်။ (ယောဟန် ၁၁:၂၅-၂၆)

မြန်မာနိုင်ငံသားများ ဖိနှိပ်မှုမှလွတ်မြောက်ပြီး ငြိမ်းချမ်းခြင်း၊ဘေးရန်ကင်းရှင်းခြင်းများရရှိရန် ကျွန်ုပ်နေ့စဉ် ဆုတောင်းပေး လျက်ရှိပါသည်။ ဘုရားရှင် ယခုချက်ချင်းမကူညီပေးသည့်အတွက်ပူဆွေးရသလို၊ ဆုံးရှုံးနစ်နာ သူတို့အတွက်လည်း ကျွန်ုပ်ပူဆွေးနေမိပါသည်။ သို့သော်ဘုရားသခင်၏ချစ်ခြင်းမေတ္တာအပေါ် သံသယဝင်ခြင်း ကိုတော့ကျွန်ုပ်လုံးဝမပြုလုပ်ပါ။ ဘုရားသခင်၏အကြံအစည်နှင့်လုပ်ဆောင်ခြင်းကို ကျွန်ုပ်နားမလည်၍ ဖြစ်မည်..သို့သော်သူ၏ကြင်နာဂရုပြုခြင်းကိုတော့ ကျွန်ုပ်အစဉ်ယုံကြည်ထားပါသည်။

ကျွန်ုပ်တို့၏ငိုကြွေးသံ ကိုဘုရားရှင်ကြား၍ ကျွန်ုပ်တို့နှင့်အတူငိုကြွေးနေသည်၊ ကျွန်ုပ်တို့ဘေးတွင်ဘုရားရှင်ရှိနေသည်ကို ကျွန်ုပ်အကြွင်းမဲ့ယုံကြည်ထားသည်။ လူသားအချင်းချင်း ကူညီဖေးမ၍ ရဲရင့်စွာဖြင့်၊ သတ္တိရှိရှိ ဘုရား၏အလိုတော်အတိုင်း ကောင်းသည့်အရာကိုပြုမူ လုပ်ဆောင်ကြရန် ဘုရားရှင်ခွန်အားပေးမည်ဟု ကျွန်ုပ်ယုံကြည်ထားပါသည်။ ဒုက္ခဆင်းရဲကြားထဲတွင် ရုန်းကန်နေရသော်လည်း ဘုရားရှင်သည် အစဉ်အမြဲနောက်ကျမနေပါဟု ကျွန်ုပ်ယုံကြည်ထားပါသည်။ ယခုပင် ယေရှုသခင်၏ ဝိညာဉ်သည်ကျွန်ုပ်တို့နှင့်အတူရှိနေပြီး၊ ဘုရားသားတော်ယေရှုကိုယုံကြည်သည့်အတွက် တစ်နေ့တွင် ထိုသခင်နှင့်အတူရှင်ပြန်ထမြောက်ပြီး ထာဝရအသက် ကိုယုံကြည်သူတို့ရရှိမည်ဟု ကျွန်ုပ်အစဉ်ယုံကြည်ထားပါသည်။

ငါတို့ကိုချစ်တော်မူ၍ ထာဝရသက်သာခြင်းအကြောင်းကိုငှင်း၊ ကျေးဇူးတော်အားဖြင့် ကောင်းသောမျှော်လင့်ခြင်း အကြောင်းကိုငှင်း ပေးတော်မူသော ငါတို့အဘတည်းဟူသောဘုရားသခင်နှင့်၊ ငါတို့သခင်ယေရှုခရစ်သည် ကိုယ် တော်တိုင် သင်တို့စိတ်နှလုံးကို သက်သာစေ၍ ကောင်းသောစကား၊ ကောင်းသောအမှုအမျိုးမျိုး၌ သင့်တို့ကို မြဲမြံ စေတော်မူပါစေသော။ သက်သာလောနိတ်သြဝါဒစာ ဒုတိယစောင် ၂:၁၆-၁၇

သခင်ယေရှု၏ချစ်ခြင်းမေတ္တာဖြင့်

Dr. Tim
ဦးထင်ကျော်

သိက္ခာတော်ရဒေါက်တာ Timothy C. Geoffrion သည်ခရစ်ယာန်အမှုတော်ဆောင်တစ်ဦးဖြစ်၍ ဓမ္မသစ်ကျမ်းဆိုင်ရာ ဧည့်ပါမောက္ခအဖြစ် ရန်ကုန်မြို့တွင် ၂၀၀၇ ခုနှစ်ကတည်းက အစေခံသင်ကြား ပေးနေသူဖြစ်သည်။

Photo credit: Jill K.H. Geoffrion. ပြင်သစ်နိုင်ငံရှိ ရှာထရာစ်ကာသီဒြယ် (Chartres Cathedral)၏ မှန်ပြင်တင်းပေါက်တွင် "လာဇရုကိုယေရှု သေခြင်းမှထမြောက်စေခြင်း" အကြောင်းရေးခြယ်ထားသော လက်ရာဖြစ်သည်။